ကိုရီးယားသမ္မတနိုင်ငံရှိ နိုင်ငံခြားသားမှီခို အမျိုးသမီးများသိရှိနိုင်ပါရန်

1 / 3

ကိုရီးယားသမ္မတနိုင်ငံရှိ နိုင်ငံခြားသားမှီခို အမျိုးသမီးများသိရှိနိုင်ပါရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော
ဆိုးလ်မြို့

နိုင်ငံခြားသားခင်ပွန်းအပေါ် မှီခိုနေထိုင်လျက်ရှိသော ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာနိုင်ငံသားအမျိုးသမီးများ သိရှိနိုင်ပါရန်

၁။ နိုင်ငံခြားသားခင်ပွန်းအပေါ် မှီခိုနေထိုင်လျက်ရှိသော ပြည်ပရောက် မြန်မာနိုင်ငံသား
သမီးများအနေဖြင့် အိမ်ထောင်ရေး၊ လူမှုရေးအခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့လာပါက မြန်မာ
သို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် မြန်မာသံရုံး၊ ဆိုးလ်မြို့၌ အပြန်လေယာဉ်စရိတ်အား Dep
အဖြစ် ယခင်က ဝမ် ၄၅၀,၀၀၀ ပေးသွင်းခဲ့ရပြီး ယခုအခါတွင် ဝမ် ၅၇၀,၀၀၀ ပေးသွင်းထာ
ပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ခေတ်စနစ်နှင့်လျော်ညီစွာ မူဝါဒများ ပြင်ဆင်ချမှတ်လျက်
သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ လမ်းညွှန်မှုအရ နိုင်ငံခြားသားခင်ပွန်းအပေါ် မှီခိုနေ
လျက်ရှိသည့် ပြည်ပရောက် မြန်မာနိုင်ငံသားအမျိုးသမီးများ၏ အပြန်လေယာဉ်စရိတ် ပေးသွင်း
ငွေအား နှစ်ကာလအကန့်အသတ်မရှိ ပေးသွင်းထားရှိမှုအစား သက်ဆိုင်ရာ မြန်မာသံရုံး၌
ပေးသွင်းသည့်နေ့မှ (၃) နှစ်အထိသာထိန်းသိမ်းထားရှိသွားမည်ဖြစ်ပြီး (၃) နှစ်ပြည့်မြောက်ပြီးနေ
ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်ပါသည်။

၃။ သို့ပါ၍ မြန်မာသံရုံး၊ ဆိုးလ်မြို့၌ အပြန်လေယာဉ်စရိတ် Deposit အဖြစ် ပေးသွင်းထ
ကာလ (၃) နှစ် ပြည့်မြောက်ပြီးသည့် ကိုရီးယားသမ္မတနိုင်ငံရှိ နိုင်ငံခြားသားခင်ပွန်းအပေါ်
နေထိုင်လျက်ရှိသည့် မြန်မာအမျိုးသမီးများအနေဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်
အပြန်လေယာဉ်စရိတ်ပေးသွင်းထားငွေအား ပြန်လည်ထုတ်ယူနိုင်ရေး မြန်မာသံရုံး၊ ဆိုးလ်မြ
လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံကူးလက်မှတ်မူရင်း
(ခ) ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်ပေးထားသည့် ID ကတ်မူရင်း
(ဂ) ခင်ပွန်းဖြစ်သူ၏ ID ကတ်
(ဃ) လေယာဉ်စရိတ်ပေးသွင်းစဉ်က သံရုံးကထုတ်ပေးခဲ့သည့် ပြေစာမူရင်း

2 / 3

ကိုရီးယားသမ္မတနိုင်ငံရှိ နိုင်ငံခြားသားမှီခို အမျိုးသမီးများသိရှိနိုင်ပါရန်

3 / 3